# ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီကုမ္ပဏီလီမိတက်

DAWEI

## ကုမ္ပဏီအရာထမ်း၊အမှုထမ်းရာထူးနေရာများအတွက် ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီကုမ္ပဏီလီမိတက်၊ **ရုံးချုပ်၊ ရန်ကုန်မြို့**တွင်၊ လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါရာထူးနေရာများ၌ခန့်ထားရန်အတွက်သတ်မှတ်အရည်အချင်းများနှင့်ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး၊လစာနှုန်းကျပ် | ပညာအရည်အချင်း | လစ်လပ်နေရာ |
|---|---|---|---|
| (က) | လက်ထောက်မန်နေဂျာ<br>(၅၀၀,၀၀၀ ကျပ်) | ဘွဲ့တစ်ခုခု။<br>စီးပွားရေးဘွဲ့၊ BA (Eng), IR, CPA, BE, BA (LLB)ဘွဲ့ ၊ MBA,MPA၊ မဟာဘွဲ့ ရရှိပြီးသူများ ကို ဦးစားပေးမည်။ | (၄) နေရာ |
| (ခ) | လက်ထောက်ကြီးကြပ်ရေးမှူး<br>(၂၅၀,၀၀၀ ကျပ်) | ဘွဲ့တခုခု။<br>စီးပွားရေးဘွဲ့၊BA(Eng)၊ မဟာဘွဲ့ရရှိပြီးသူများ ဦးစားပေးမည်။ | (၆) နေရာ |
| (ဂ) | အငယ်တန်းစာရေး<br>(၁၈၀,၀၀၀ ကျပ်) | အခြေခံပညာအထက်တန်းအဆင့်အောင်မြင်ပြီးသူ/ဘွဲ့ရရှိပြီးသူဖြစ်ရမည်။ | (၅) နေရာ |
| (ဃ) | ယာဉ်မောင်း<br>(၁၈၀,၀၀၀ ကျပ်) | အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးသူ (ယာဉ်မောင်း ခ လိုင်စင်ရရှိပြီး ယာဉ်မောင်းကျွမ်းကျင်သူဖြစ်ရမည်) | (၁) နေရာ |

၂။ အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့်ကိုက်ညီသူများအား အလုပ်လျှောက်လွှာခေါ်ယူသွားမည်ဖြစ်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) လုပ်ငန်းလိုအပ်ချက်အရ လိုအပ်ပါက ထားဝယ်အထူးစီးပွားရေးဇုန်နယ်မြေတွင် တာဝန်ထမ်းဆောင်နိုင်သူကို ဦးစားပေးရွေးချယ်ခန့်ထားမည်။

(ဂ) လက်ထောက်မန်နေဂျာ ရာထူးနေရာအတွက် လျှောက်ထားသူသည် (၃၁-၇-၂၀၂၂) ရက်နေ့တွင် အသက် ၂၅ နှစ်အထက် ဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။ အင်္ဂလိပ်စာ နှင့် ကွန်ပျူတာကျွမ်းကျင်သူ ဦးစားပေးရွေးချယ်မည်။

(ဃ) လက်ထောက်ကြီးကြပ်ရေးမှူး ရာထူးနေရာအတွက် လျှောက်ထားသူသည် (၃၁-၇-၂၀၂၂) ရက်နေ့တွင် အသက် ၂၅ နှစ်မှ ၄၀ နှစ်အတွင်းဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံ ရှိသူဖြစ်ရမည်။ အင်္ဂလိပ်စာနှင့်ကွန်ပျူတာကျွမ်းကျင်သူ ဦးစားပေးရွေးချယ်မည်။

(င) အငယ်တန်းစာရေး ရာထူးနေရာအတွက် လျှောက်ထားသူသည် (၃၁-၇-၂၀၂၂) ရက်နေ့တွင် အသက် ၁၈နှစ်မှ ၃၅ နှစ် အတွင်းဖြစ်ရမည်။ ကွန်ပျူတာကျွမ်းကျင်သူ ဦးစားပေးရွေးချယ်မည်။

(စ) ယာဉ်မောင်းရာထူးနေရာအတွက် လျှောက်ထားသူသည် (၃၁-၇-၂၀၂၂) ရက်နေ့တွင် အသက် (၂၀) နှစ်မှ (၆၀) နှစ် အတွင်းဖြစ်ရမည်။

(ဆ) ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်သူ ဖြစ်ရမည်။

(ည) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(ဋ) အကျင့်စာရိတ္တကောင်းမွန်သူ ဖြစ်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုး၍ လျှောက်ထားရမည်-

(က) လျှောက်ထားသည့် ရာထူးအမည်၊

(ခ) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊

(ဂ) မွေးသက္ကရာဇ်နှင့် အသက်၊

(ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ

(င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်

(စ) အဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် အလုပ်အကိုင်

(ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်

(ဇ) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ

(ဈ) အမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံ

၄။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား ထားဝယ်အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ ကုမ္ပဏီလီမိတက်၊ ရုံးချုပ်၊ ကုန်သည်လမ်း၊ ဗိုလ်စွန်ပက်လမ်းနှင့်လမ်း ၃၀ ကြား၊ (MITC အဆောက်အဦ၊ ပထမထပ်) ရန်ကုန်မြို့နှင့် www.daweisezmc.com တို့တွင် ရယူနိုင်ပြီး အောက်ဖော်ပြပါစာရွက်စာတမ်းများပူးတွဲလျက် လျှောက်ထားရမည်-

(က) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့ဓါတ်ပုံ(၁ လက်မ x ၁ လက်မ) ၃ ပုံ

(ခ) နိုင်ငံသားစိစစ်ရေးကဒ်ပြား (မိတ္တူ)

(ဂ) ဘွဲ့လက်မှတ် (မိတ္တူမှန်) (အပိုဒ် ၁ (က) နှင့် (ခ) ရာထူးများအတွက်သာ)

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာနှင့် ရဲစခန်းတို့မှ (တစ်လအတွင်း ရရှိသည့်) ထောက်ခံချက် (မူရင်း)

(င) အိမ်ထောင်စုစာရင်း (မိတ္တူ)

(စ) သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကဒ်ပြား (မိတ္တူ)

(ဆ) ယာဉ်မောင်းလိုင်စင် (မိတ္တူ) (ယာဉ်မောင်းရာထူးအတွက်သာ)

၅။ ပြည့်စုံစွာဖြည့်စွက်ပြင်ဆင်ထားသည့် လျှောက်လွှာများကို ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ကုမ္ပဏီလီမိတက်၊ ရုံးချုပ်၊ကုန်သည်လမ်း၊ ဗိုလ်စွန်ပက်လမ်းနှင့်လမ်း ၃၀ ကြား၊ (MITC အဆောက်အဦ၊ ပထမထပ်) ရန်ကုန်မြို့သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော်လည်းကောင်း (၁၉-၈-၂၀၂၂) ရက်နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများကို (လုံး၀) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ သတ်မှတ်ချက်နှင့် ပြည့်စုံသူများကို ရာထူးများအတွက် လူတွေ့စစ်ဆေးခြင်းဆောင်ရွက်သွားမည်ဖြစ်သည်။

၈။ လူတွေ့စစ်ဆေးခြင်း ဖြေဆိုခွင့် ရရှိသူများ အမည်စာရင်းကို ထားဝယ်အထူး စီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီကုမ္ပဏီလီမိတက်၊ ရုံးချုပ်၊ ကုန်သည်လမ်း၊ ဗိုလ်ဆွန်ပက်လမ်းနှင့်လမ်း ၃၀ ကြား၊ (MITC အဆောက်အဦ) ရန်ကုန်မြို့ မြေညီထပ် ကြော်ငြာသင်ပုန်းတွင် လည်းကောင်း၊ website – www.daweisezmc.com တွင် လည်းကောင်း၊ ကြေညာမည်ဖြစ်သည်။

၉။ လူတွေ့/ ကျွမ်းကျင်မှု စစ်ဆေးခြင်းမည့်နေ့ကို ထပ်မံကြေညာမည် ဖြစ်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကုမ္ပဏီလီမိတက်၊ **ရုံးချုပ်၊ ရန်ကုန်ရုံးဖုန်းနံပါတ် ၀၉-၂၅၅၀၄၉၈၇၉၊ ၀၉-၅၀၅၀၈၀၂ နှင့် အီးမေးလ်လိပ်စာ pmo-ygn@daweisezmc.com** တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

# ကတိဝန်ခံချက်

ရက်စွဲ ၊

အဘဦး ----------------------------၏ သား/ သမီးဖြစ်သူ ကျွန်တော်/ ကျွန်မ မောင်/ မ ------------------------- သည် ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီကုမ္ပဏီလီမိတက်တွင် ---------------------------------------- ရာထူး၊ လစာနှုန်း၊ ( --------------------------) နေရာတွင် ဝန်ထမ်း အဖြစ်ရွေးချယ်ခန့်အပ်ခြင်းခံရပါက တစ်ဆက်တည်း လုပ်သက်အနည်းဆုံး(၁)နှစ်တာဝန်ထမ်းဆောင်မည်ဖြစ်ပါကြောင်း၊လုပ်ငန်းလိုအပ်ချက်အရထားဝယ်အထူးစီးပွားရေးဇုန် နယ်မြေတွင်လည်း၊ သွားရောက် တာဝန်ထမ်းဆောင်နိုင်ပါကြောင်း နှင့် နိုင်ငံရေးလှုပ်ရှားမှုများ ကင်းရှင်းစွာ နေထိုင် လုပ်ကိုင်မည် ဖြစ်ပါကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးပါသည်။

လက်မှတ် ------------------------------------------------------

အမည် --------------------------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ------------------------------

နေရပ်လိပ်စာ -------------------------------------------------

---------------------------------------------------------------

ဓါတ်ပုံ

# အလုပ်လျှောက်လွှာပုံစံ

၁။ လျှောက်ထားသည့် ရာထူးအမည် ----------------------------------------

၂။ အမည် ----------------------------------------

၃။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ----------------------------------------

၄။ အဖအမည် နှင့် အလုပ်အကိုင် ----------------------------------------

နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်----------------------------------------

၅။ ကျား/မ- ----------------------------------------

၆။ အသက်၊ မွေးသက္ကရာဇ်----------------------------------------

၇။ ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ ----------------------------------------

အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်----------------------------------------

၈။ လူမျိုး/ ဘာသာ ----------------------------------------

၉။ အိမ်ထောင်ရှိ/ မရှိ ----------------------------------------

၁၀။ ဆက်သွယ်ရန်လိပ်စာ----------------------------------------

----------------------------------------

၁၁။ အမြဲတန်းနေရပ်လိပ်စာ ----------------------------------------

----------------------------------------

၁၂။ ဖုန်းနံပါတ် နှင့် အီးမေးလ်လိပ်စာ ----------------------------------------

၁၃။ ထားဝယ်အထူးစီးပွားရေးဇုန်နယ်မြေတွင်တာဝန်ထမ်းဆောင်နိုင်ခြင်းရှိ/မရှိ----------------------------------------

၁၄။ အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်----------------------------------------

----------------------------------------

၁၅။ လုပ်ငန်းအတွေ့အကြုံရှိကဖော်ပြရန် ----------------------------------------

----------------------------------------

လက်မှတ် ----------------------------------------

အမည် ----------------------------------------